# မင်းယုဝေ၏ အမှာစာ

ဆရာအောင်ဇင်သည် ယခင်က တပ်မတော်မှ အရာရှိတစ်ဦးဖြစ်၍ ယခုအခါ နယ်ဘက်သို့ အရာရှိကြီးတစ်ဦးအဖြစ်ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။

သူသည် စာပေဝါသနာရှင်တစ်ဦးဖြစ်ပါသည်။ စာပေများကို ဖတ်ရှုလေ့လာလိုက်စားရာမှ စာရေးလိုသော ဆန္ဒပြင်းပြကာ အလုပ်တာဝန်များများပြား လှသည့်ကြားက စာပေများရေးသားနေသူ ဖြစ်ပါသည်။ အောင်မြင်သော စာရေးဆရာဘဝသို့ ရောက်ရှိနေသူ ဖြစ်ပါသည်။

ဘဝတွင် မေတ္တာထားမှု၊ ကရုဏာထားမှု၊ စိတ်ကောင်းထားမှု၊ ရိုးသားဖြောင့်မတ်မှု၊ ကူညီရိုင်းပင်းမှု၊ စေတနာကောင်းထားမှု၊ ခွင့်လွှတ်မှု၊ သူတစ်ပါး အကျိုးဆောင်မှု၊ ကျေးဇူးသိတတ်မှု စသည်တို့သည် တန်ဖိုးမဖြတ်နိုင်သော ရတနာများပင်ဖြစ်ပါသည်။ ဆရာအောင်ဇင်ရေးသော စာများတွင် ထိုတန်ဖိုးမဖြတ်နိုင်သော ရတနာများ ထင်ဟပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

သူသည် တပ်မတော်သားတို့၏ အတွေ့အကြုံများ၊ ချစ်ခင်သူမိသားစုများ၊ မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံရသော အတွေ့အကြုံများ၊ စိတ်ထား မကောင်းသူများနှင့် တွေ့ကြုံရသော အတွေ့အကြုံများ စသည်တို့ကို အခြေခံလျက် အထက်ဖော်ပြပါ တန်ဖိုးမဖြတ်နိုင်သော ရတနာများဖြင့် ဖော်ကျူးတင်ပြရေးသားလေ့ရှိပါသည်။ ကလောင်စွမ်း ထက်မြက်သဖြင့် စိတ်ဝင်စားဖွယ်၊ သင်ခန်းစာယူဖွယ်၊ သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်ဖြစ်အောင် ရေးသားနိုင်စွမ်းရှိသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ကျွန်တော်သည် ဆရာအောင်ဇင်၏ အတွေ့အကြုံကောင်း၊ ဆောင်းပါးကောင်းများကို မြတ်မင်္ဂလာစာစောင်တွင် အမြဲတမ်းလိုလို ထည့်သွင်း ဖော်ပြခဲ့ပါသည်။ အယ်ဒီတာအဖွဲ့ကလည်း နှစ်သက်သည့်နည်းတူ စာဖတ်သူ အများကလည်း နှစ်သက်ကြပါသည်။

ယခုထုတ်ဝေသော 'သက်ဆုံးတိုင် အလံမလဲသူနှင့် ကိုယ်တွေ့ဝတ္ထုများ' စာအုပ်မှာ မြတ်မင်္ဂလာစာစောင်တွင် ဖော်ပြခဲ့သော ကိုယ်တွေ့ဆောင်းပါးများနှင့် အခြားစာစောင်များတွင် ဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေသော စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်သည် ဆရာအောင်ဇင်၏ ၁၃ အုပ်မြောက်စာအုပ် စာအုပ်ဖြစ်ပါသည်။ လှိုက်လှဲစွာ ကြိုဆိုပါသည်။

မင်းယုဝေ